MYANMAR YOUNG ENTREPRENEURS ASSOCIATION

# NEWSLETTER

OCTOBER - 2020

ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၏ လစဉ် အစည်းအဝေးများ

အသင်းချုပ် စီမံခန့်ခွဲရေးကော်မတီလစဉ်အစည်းအဝေးများ

ဗဟိုအလုပ်အမှုဆောင်များနှင့် ကော်မတီ(၆)ရပ်၏အစည်းအဝေးများ

အသင်းချုပ်၏ အသင်းသားများထံ ထုတ်ပြန်စာများ၊ ဖြန့်ဝေစာများ




Entrepreneurship World Cup 2020

MYANMAR NATIONAL GRAND FINAL ပွဲအခမ်းအနား

## ENTREPRENEURS EXCLUSIVE INTERVIEW



**ဒေါ်မေသက်ခိုင်**

Executive Director,
Maou Oak Shaung Co.,Ltd
CEC Member, MYEA




MYEA အသင်းဝင်များအတွက် သီးသန့်အထူးလျှော့ဈေးများဖြင့်
အကြိမ်အရေအတွက် အကန့်အသတ်မရှိအသုံးပြုနိုင်မည့်
Member Benefit Program

# Entrepreneurship World Cup 2020 အား မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ ပြည်တွင်းတွင် National Organizer အဖြစ် ပထမဆုံးအကြိမ်စီစဉ်ကျင်းပ

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပိုမိုတိုးတက်စေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး ပိုမိုအောင်မြင်သောလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍"Entrepreneurship World Cup 2020" ပြိုင်ပွဲကို ပြည်တွင်းတွင် National Organizer အဖြစ် ပထမဆုံးအကြိမ် စီစဉ်ကျင်းပခဲ့ပြီး National Grand Final အား ပြီးခဲ့သည့် သြဂုတ်လ (၂၉) ရက်နေ့က Esperado Lake View Hotel တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

EWC ပြိုင်ပွဲ တာဝန်ယူကျင်းပသည့် အဖွဲ့အစည်းမှ Entrepreneurship World Cup 2020 ပြိုင်ပွဲအား MYEA ကို National Organizer အဖြစ် လက်ခံကျင်းပစေလိုကြောင်း ကမ်းလှမ်းခဲ့ခြင်းဖြစ်သဖြင့် MYEA မှလက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ EWC တွင် 1. Idea Stage, 2.Early Stage, 3. Growth Stage စသည့် အဆင့်(၃)ဆင့်ဖြင့် ဇူလိုင်လ ပထမပတ်မှစတင်ပြီး သြဂုတ်လ (၂)ရက်နေ့ထိ ဝင်ရောက်လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ရာ ပြိုင်ပွဲအား စိတ်ပါဝင်စားစွာဖြင့် လျှောက်ထားသူ (၁၀၀) ကျော် ရှိခဲ့ပါသည်။

ဝင်ရောက်လျှောက်ထားသူများအား EWC မှ သတ်မှတ်ပြဌာန်းချက်များနှင့် အညီ စုစုပေါင်း အဆင့်(၃)ဆင့်ဖြင့် စိစစ်ရွေးချယ်ခဲ့ပြီး MYANMAR NATIONAL GRAND FINAL သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် Shortlisted Participants (၂၂)ဦး ထွက်ပေါ်လာခဲ့သည်။ ယင်းတို့အား MYEA မှ National Grand Final နှင့် နိုင်ငံတကာပြိုင်ပွဲများထိပါ တက်လှမ်းရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြီး Accelerate-1 Program အနေဖြင့် Pitch Deck Training, Mentoringနှင့် Rehearsal Pitching များကို ပြည်တွင်းရှိ အောင်မြင်နေသည့်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များအား ဖိတ်ခေါ်ပြီး စနစ်တကျပြုလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။

EWC-MYANMAR NATIONAL GRAND FINAL အား နံနက်(၁၀:၀၀)နာရီမှ ညနေ (၄:၀၀)နာရီ အထိ ကျင်းပပြုလုပ်ခဲ့ရာ လူကိုယ်တိုင်လာရောက်ယှဉ်ပြိုင်ခဲ့ကြသူများ ရှိခဲ့သလို၊ Zoom Webinar မှတစ်ဆင့်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဒိုင်လူကြီးများ အဖြစ် ဦးဝေဖြိုး (Managing Director, Yatha Cho Industry Limited)၊ ဦးဇော်လင်းအောင် (Senior Managing Director, KBZ Bank Limited)၊ ဦးဇေယျာသူရမွန်(Chairman & CEO, RGK+Z&A Group)၊ ဦးရည်လတ်အေး Deputy Chair (MPE&VCA)၊ Director/COO, Delta Capital Myanmar တို့မှ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ဒိုင်လူကြီးများမှ EWC Evaluation Criteria များဖြစ်သည့် (People, Product, Profitability, Potential) စသည်တို့နှင့်အညီ စနစ်တကျအမှတ်ပေးအကဲဖြတ်ခဲ့ကြပြီး အမှတ်အများဆုံး Top 5 Finalists (၅) ဦး ထွက်ပေါ်လာခဲ့ကာ ယင်းတို့ထဲမှ National Winner (၁)ဦးအား ရွေးချယ်ဆုချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

Top 5 Finalist (၅)ဦးမှာWaso Learn (Waso Full Moon Company Ltd)၊ Alliance Eagles Group Agriculture Limited၊ Brand You Co., Ltd၊ Htun Kar Mandalay Co.,Ltd နှင့် Tay Company Limited တို့မှရရှိခဲ့ပြီး ယင်းတို့ထဲမှ Waso Learn (Waso Full Moon Company Ltd) ကNational Winner ဆုအား ဆွတ်ခူးရရှိခဲ့ပါသည်။











National Winner ရရှိသူအား MYEA မှ ဆုငွေကျပ် (၁၅) သိန်းနှင့် ဆုဒိုင်းအားပေးအပ်ချီးမြှင့်ခဲ့ပါသည်။ Winner ရရှိသူသည် Global EWC 2020 Top 100 ရွေးချယ်ပွဲသို့ Global finalist အဖြစ် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

Myanmar National Winner အား Global EWC မှ Accelerate-2 Program အနေဖြင့် Virtual Training Sessions များ၊ One to one Mentor program များပြုလုပ်ပြင်ဆင်ပေးပြီးနောက် Global EWC 2020 Top 100 ကို ထပ်မံရွေးချယ်သွားမည်ဖြစ်ပြီး Global Finals ပြိုင်ပွဲကြီးအား ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလ (၁၈၊ ၁၉) ရက်နေ့များတွင် Riyadh, Saudi Arabia ၌ ကျင်းပြုလုပ်မည်ဖြစ်သည်။ EWC Myanmar အား Diamond Sponsor အဖြစ် KBZ Bank Limited, Gold Sponsor အဖြစ် Apache Cement, Silver Sponsor အဖြစ် Superme Group of Companies, Official Media Partner အဖြစ် 7Day TV နှင့် Venue Sponsor အဖြစ် Shine Group (Esperado Lake View Hotel) တို့မှလည်း ပံ့ပိုးကူညီပေးခဲ့ပါသည်။















# EWC 2020 MYANMAR NATIONAL GRAND FINAL တွင် MYEA ဥက္ကဋ္ဌ ဒေါက်တာအောင်သူရ၏ အဖွင့်အမှာစကား

"တက်ရောက်လာပေးတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ လက်ရှိ Covid-19 အခြေအနေကြောင့် လူဦးရေအကန့်သတ်နဲ့ ဖိတ်ကြားရတာမို့ မတက်နိုင်တဲ့သူတွေအတွက် စိတ်မကောင်းပါဘူး။ ဒါပေမဲ့ MYEA Facebook Page မှာရော EWC Event Platform မှာပါ Live လွှင့်ဖို့ စီစဉ်ထားတာမို့ လူအများကြီးပိုကြည့်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

EWC ဆိုတာ ကမ္ဘာမှာကျင်းပတာ အခုဆို ဒုတိယအကြိမ်ပါ။ ပထမအကြိမ်မှာ အချို့နိုင်ငံတွေ မပါဝင်ခဲ့တဲ့အတွက် ဒီနှစ်မှာ EWC အဖွဲ့အစည်းက MYEA ကို National Organizer အဖြစ် လက်ခံကျင်းပနိုင်မလား မေးခဲ့ပါတယ်။ Covid-19 ကြောင့် စိုးရိမ်ခဲ့ပေမယ့် ဒီလိုအခြေအနေမှာ Activity တွေရပ်မနေနိုင်လို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်စီစဉ်ခဲ့ရပါတယ်။

EWC ကျင်းပခဲ့လို့ Pitching အတွေ့အကြုံတွေ တော်တော်ရခဲ့ကြပါတယ်။ Elevator Pitch ခေါ်တဲ့ 3 Minutes နဲ့ကိုယ့်ရဲ့ Business Idea ကိုရှင်းပြနိုင်လာတယ်။ EWC နဲ့ တွဲလုပ်တာမို့ Pitching Format ကလည်း နိုင်ငံတကာပုံစံနဲ့သွားတာဖြစ်ပါတယ်။ မြန်မာမှာ ဝင်ပြိုင်တဲ့ ပြိုင်ပွဲဝင် အယောက်(၁၀၀) ကျော်ထဲက စိစစ်ရွေးချယ်ပြီး အယောက်(၂၀)ကျော် ဝင်ပြိုင်ခဲ့ကြတာဖြစ်ပါတယ်။

Start Up အကြောင်း နည်းနည်း ပြောချင်ပါတယ်။ မြန်မာပြည်မှာ ကမ္ဘာကိုထိုးဖောက်နိုင်တာ ဘယ်လို Company တွေလဲ ကြည့်လိုက်ရင် Bank, Construction, Insurance လို traditional လုပ်ငန်းတွေက မြန်မာမှာသာ အောင်မြင်နိုင်ပေမယ့် ကမ္ဘာမှာသွားယှဉ်ရင် နိုင်ငံတိုင်းမှာ ရှိပြီးသား အောင်မြင်နေပြီးသားပါ။ Start Up တွေကတော့ သူတို့ရဲ့ Business Model တွေက Innovation ကောင်းတယ်၊ ဈေးကွက်ကြီးတစ်ခုလုံးကို ပြောင်းလဲစေနိုင်တယ်ဆိုရင် မြန်မာတင်မက အခြားနိုင်ငံတွေကိုပါ ဝင်ပြိုင်နိုင်တဲ့ အလားလာရှိနေပါတယ်။

Start Up တွေဟာ စစချင်းမှာ Investment များများမလိုဘဲ သူတို့ရဲ့ Business Model ကကို ကောင်းနေတယ်၊ ပြောင်းလဲနိုင်တယ်ဆိုရင် Investment တွေက တစ်ဖြေးဖြေး လိုက်လာနိုင်ခြေရှိတာကြောင့် Start Up တွေဟာ တစ်ချိန်မှာ မြန်မာပြည်ရဲ့ Explorer Model လိုဖြစ်သွားနိုင်ပါတယ်။ မြန်မာပြည်မှာအောင်မြင်တဲ့ Start Up တစ်ခုဟာနိုင်ငံတကာကိုထိုးဖောက်နိုင်ပါတယ်။ လုပ်ငန်းမှန်သမျှထဲမှာ ဒီ Start Up တွေက နိုင်ငံတကာကို ထိုးဖောက်နိုင်ဆုံးအခွင့်အရေးရှိတဲ့ လုပ်ငန်းတွေလို့ ပြောလို့ရပါတယ်။ ဒ့ါကြောင့် MYEA အနေနဲ့ရော၊ တစ်နိုင်ငံလုံးအနေနဲ့ရော Start Up တွေကို ပံ့ပိုးပေးဖို့ တာဝန်ရှိတဲ့အတွက် ယခုလိုပွဲများ စီစဉ်ပေးလျက်ရှိပါတယ်။

Start Up တွေအောင်မြင်ဖို့အတွက် Problem က စကြည့်ရပါတယ်။ Solution က စကြည့်လို့မရပါဘူး၊ ကိုယ့်ဈေးကွက်မှာ လူအများကြုံနေရတဲ့ဘာ အခက်ခဲတွေရှိလဲ ဘယ်လိုဖြေရှင်းမလဲဆိုတာ စဉ်းစားပြီးမှ Start Upတွေစလုပ်သင့်ပါတယ်။ Start Up အများစုက ဒီလိုမဟုတ်ဘဲ Solution ကစကြပါတယ်၊ သူတို့ကြိုက်တဲ့Technology ကို စဉ်းစားပြီးမှ Problemကိုစဉ်းစားကြတယ်။ ဒါကမအောင်မြင်နိုင်ပါဘူး။

အဓိကကဈေးကွက်ထဲမှာဘယ်လို Problem ရှိလဲ၊ ဒါကို ဘယ်လိုနည်းလမ်းနဲ့ဖြေရှင်းနိုင်မလဲဆိုတာစဉ်းစားပြီး ဈေးကွက်ကို အကောင်ထည်ဖော်သွားနိုင်ရင် ဖြစ်နိုင်ပါတယ်။

မြန်မာပြည်မှာ လွန်ခဲ့တဲ့ ၂ နှစ်၊ ၃ နှစ်ခန့်က Start Up တွေ တော်တော်ရှားခဲ့ပြီး သူတို့ဟာ တခြားနိုင်ငံတွေက Idea ကို အတုယူပြီး ကိုယ့်နိုင်ငံရဲ့ဈေးကွက်လိုအပ်ချက်တွေကို ဖြေရှင်းဖို့ကြိုးစားခဲ့ကြလို့ အောင်မြင်တာရှားပါတယ်။ ဒီနေ့ပြိုင်ပွဲဝင် Start Up တွေကို ကြည့်တဲ့အခါ မှာ အရည်အသွေးမြင့်မားလာတာ တွေ့ရပါတယ်။ မြန်မာပြည်မှာရှိနေတဲ့ အခက်ခဲတွေကို ဘယ်လိုဖြေရှင်းရမလဲ စဉ်းစားပြီး အဖြေရှာတာတွေ့ရပါတယ်။

ဒါတွေကိုမြင်ရတာ အားတက်လာတဲ့အတွက် မြန်မာပြည်ရဲ့ Start Up တွေ ပိုပြီးအားကောင်းလာအောင် ဝိုင်းဝန်းအကောင်အထည် ဖော်ချင်ပါတယ်။ ဒါဟာ MYEA နဲ့ တစ်နိုင်ငံလုံးရဲ့ တာဝန်ဖြစ်ပြီး ဒီလိုဝိုင်းဝန်းပျိုးထောင်ပေးမယ်ဆိုရင် မြန်မာပြည်ရဲ့ Start Up တွေဟာ အရှိန်အဟုန်နဲ့ တိုးတက်လာကြမယ်ဆိုတာ ယုံကြည်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။"







# Entrepreneurship World Cup 2020 MYANMAR NATIONAL GRAND FINAL ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အကဲဖြတ်ဒိုင်လူကြီးများ၏ ပြိုင်ပွဲဝင်များအပေါ် မှတ်ချက်ပြုပြောစကားများ




ဦးဝေဖြိုး
(Managing Director, Yatha Cho Industry Limited)
Vice President, UMFCCI

"MYEA ရဲ့ ပထမဆုံး EWC ပွဲကြီးမှာ Judge အဖြစ်ပါဝင်ရလို့ ဂုဏ်ယူပါတယ်။ ပိုပြီး ဂုဏ်ယူမိ၊ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိတာကတော့ ဒီနေ့ကြားခဲ့ရတဲ့ Pitch လုပ်တဲ့သူတွေရဲ့ Business Model တွေဟာ တကယ့်ကိုကောင်းပါတယ်။ ကျွန်တော်တို့ စခဲ့တဲ့အချိန်နဲ့ အရည်အသွေး၊ စဉ်းစားပုံ၊ ကျယ်ပြန့်နက်ရှိုင်းမှု အများကြီးကွာသွားပါပြီ။

တင်ပြလာတဲ့ လုပ်ငန်း တွေရဲ့ ၈၀% လောက်က Technology Invested Business တွေပါ။ ဒါသိပ်အရေးကြီးပါတယ်။ ဒါဟာ အရမ်းကောင်းတဲ့ လက္ခဏာတစ်ခုလည်းဖြစ်ပါတယ်။ မြန်မာဟာ နောက်ကျကျန်နေတာမို့ Technology ကိုအသုံးပြုပြီး Myanmar 4.0 ကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ ဒီကလူငယ်တွေရဲ့တာဝန်ပါ၊ ပြိုင်ပွဲဝင်လူငယ်တစ်ယောက်ချင်းစီဟာ Technology ကို လှိုက်လှိုက်လှဲလှဲ Embrace လုပ်ပြီး ကိုယ့်ရဲ့ Business Model ကိုတည်ဆောက်တာတွေ့ရတဲ့အတွက် အင်မတန် ဝမ်းသာပီတိဖြစ် လေးစားမိပါတယ်။

နဲနဲတင်ပြချင်တာကတော့ အားနည်းချက်လို့မဆိုသာပေမယ့် နောက်နောင်အားသာချက်ဖြစ်အောင် လုပ်ယူရမယ့် အချက်တွေပါ။ ပထမအချက်က ကိုယ့်ရဲ့ Unique Value Proposition ကဘာလဲဆိုတာကို လုံးဝကွဲကွဲပြားပြားသိကို သိရမယ်။ Competitive Advantage ဟာ အရေးအကြီးဆုံးပဲ၊ ကိုယ်က ဘာကြောင့် သူများထက် သာတာလဲ၊ သူများကို ဘယ်လိုအနိုင်ယူနိုင်မှာလဲဆိုတာကို ခဏတာမဟုတ်ပဲ ရေရှည်ကိုယ့်ခေါင်းထဲမှာ လုံးဝရှင်းလင်းနေရမယ်။ ဒါဟာ Unique Value Proposition ပဲ ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ Pitch လုပ်တဲ့အခါ အချို့သူတွေက ကိုယ့်ရဲ့လုပ်ငန်းလည်ပတ်မှု ပမာဏကိုပြောသွားပါတယ်။ ဒီလိုဂဏန်းတစ်ခုတွေ့ပြီဆိုရင် Judge ပဲဖြစ်ဖြစ် Investor ပဲဖြစ်ဖြစ် မေးမှာတစ်ခုက ဒီပိုက်ဆံတွေဟာ Invest လုပ်ရင် Return က ဘယ်တော့လဲဆိုတာကိုပါပဲ။

ဒါကို ဖြေတဲ့အခါ လိုအပ်နေသေးတာတွေ့ရတယ်၊ ဒါကို သတိထားရမယ့်အရေးကြီးတဲ့အချက်ဖြစ်တယ်။ Investor တိုင်းဟာ ဒီလို Fundamental မေးခွန်းတစ်ခုပဲ မေးမှာဖြစ်သလို၊ ဘဏ်တိုင်းဟာ ငွေချေးရင် ချေးတဲ့ ငွေကို ပြန်ဆပ်နိုင်သလားဆိုတာပဲ အရင်ကြည့်တာဖြစ်ပါတယ်။ တတိယအချက်ကတော့ Instruction ကိုလည်း ခေါင်းထဲထားပါ၊ ဒီအချိန်မှာ Technologyဟာ အရမ်းကို Advance ဖြစ်နေချိန်၊ အရမ်းမြန်နေချိန်မို့ ကိုယ်ကသူများကို Disturb လုပ်သလို ကိုယ့်ကို Disturb လုပ်မယ့်သူရှိပြီးသားပဲ။ ဒါလေးတွေကို သတိထားပါ။ အားလုံးကိုချိုင့်သုံးသပ်ရရင်တော့ အင်မတန်အားရပါတယ်။ အင်မတန်လည်း ဂုဏ်ယူပါတယ်လို့ ပြောချင်ပါတယ်။"

## ဦးဇော်လင်းအောင်

Senior Managing Director, KBZ Bank Limited)




“MYEA ရဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ မွေးထုတ်ပေးနေတဲ့ ယခုလို နိုင်ငံတကာပွဲမျိုးမှာ ကမ္ဘောဇဘဏ်အနေနဲ့ ပံ့ပိုးကူညီခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ Judge အဖြစ်ပါဝင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ ဒီနေ့ Pitch လုပ်သွားတဲ့ Entrepreneur တွေအကုန်လုံးကို တကယ်ပဲ လေးစားချီးကျူးမိပါတယ်။ Start Up ဖြစ်ပေမဲ့ Thought process တွေက Well Established ဖြစ်နေတဲ့ လုပ်ငန်းရှင်ကြီးတွေ စဉ်းစားသလောက်ကို လိုက်စဉ်းစားနိုင်တာ တွေ့ရပါတယ်။

ဘဏ်ရဲ့ရှုထောင့်ကကြည့်မယ်ဆိုရင် လုပ်ငန်းတစ်ခုက ကိုယ်ကူညီလိုက်လို့ ဘယ်လောက် အောင်မြင်သွား၊ တိုးတက်သွားနိုင်လဲ၊ အဓိကက Incremental Revenue ဘယ်လောက်ရလာနိုင်လဲ၊ ရလာတဲ့ဟာက ပြန်ပေးရမယ့် Repayment အတွက် အဆင်ပြေရဲ့လားကြည့်ရပါတယ်။ အနှစ်ချုပ်ပြောရရင် ကျွန်တော်တို့အနေနဲ့ Limited Resource ဖြစ်တာကြောင့် Return ပိုများတဲ့နေရာပိုကောင်းတဲ့လုပ်ငန်းမှာ Invest လုပ်မှာမို့ Financial နဲ့ပတ်သက်တဲ့အပိုင်းကို ဒီထက်ပိုပြီး စဉ်းစားပြင်ဆင်နိုင်မယ်ဆိုရင်ပိုပြည့်စုံမှာဖြစ်ပြီး Develop Market မှာ ပိုပြီးယှဉ်ပြိုင်နိုင်မယ်လို့ထင်ပါတယ်။

ကမ္ဘောဇဘဏ်အနေနဲ့လည်း စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ Start Up တွေ Bankable ဖြစ်လာဖို့အတွက် လိုအပ်တဲ့ Financial Literacy Training, Financial Adversary Training တွေကို MYEA နဲ့ အတူပူးပေါင်းပြီး ပြုလုပ်သွားချင်ပါတယ်။ ဒီလို ပံ့ပိုးကူညီပေးတာဟာ ကမ္ဘောဇဘဏ်ရဲ့ ရည်ရွယ်ချက်တစ်ခုဖြစ်တဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ ပိုမိုပေါ်ထွက်လာဖို့ဖြစ်ပါတယ်။ ဒီနေ့ယှဉ်ပြိုင်သွားတဲ့ လူငယ်တွေကို လေးစားပါတယ်။ ဆက်လက်ပြီးလည်း အခုလိုပံ့ပိုးကူညီမှုတွေ ပြုလုပ်သွားမယ်လို့ ပြောကြားလိုပါတယ်”




## ဦးဇေယျာသူရမွန်

(Chairman & CEO, RGK+Z&A Group)

“ယခုလို Covid-19 ဖြစ်နေတဲ့အချိန်မှာ Judge အဖြစ် တစ်ကူးတစ်ကပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ Safety Measure တွေရှိတဲ့အတွက် စိုးရိမ်မှုကင်းစွာ ပါဝင်နိုင်လို့ စီစဉ်သူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

ပြိုင်ပွဲဝင်တွေနဲ့ပတ်သက်လို့ အရမ်းအားရကျေနပ်မိပါတယ်။ ကျွန်တော်ကိုယ်တိုင် Invest လုပ်ဖို့သင့်တော်တဲ့ Promising တကယ်ဖြစ်တဲ့ Business တွေ တွေ့ရပါတယ်။ Technology အခြေခံတဲ့ Business တွေမို့ ယခုလက်ရှိ Business Trend ကို သွားရမယ့် အနေထားပါ။ တချို့ Business တွေဟာ Regional အထိ သွားလို့ရတဲ့ အနေအထားကို တွေ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူအားကျမိပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ပိုမိုအောင်မြင်ကြပါစေလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်”





## ဦးရည်လတ်အေး

(Deputy Chair (MPE&VCA)Director/COO, Delta Capital Myanmar)




“ကျွန်တော်ကတော့ Myanmar Private Equity & Venture Capital Association ကို ကိုယ်စားပြုပြီး Judge အဖြစ်ဆောင်ရွက်ပေးတာပါ။ ကျွန်တော်တို့ရဲ့ Association ဟာ လွန်ခဲ့တဲ့နှစ်မေလမှစပြီး ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့ Fundတွေ အနေနဲ့စထူထောင်ထားကာ Member ပေါင်း(30)ကျော်နဲ့ Fund Management အနေဖြင့် 300 Millions ကျော်ကို လက်ရှိ စီမံခန့်ခွဲမှုလုပ်နေပါတယ်။ ဒီထဲက ထက်ဝက်ကျော်က ပုဂ္ဂလိကကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံထားပါတယ်။ ကျွန်တော်တို့က Equity Investing ဆိုတော့ ဘဏ်တွေနဲ့မတူဘဲ Entrepreneur တွေနဲ့ Rich Sharing လုပ်ပါတယ်။

ပြိုင်ပွဲဝင်တွေကို အကြံပြုလိုတာကတော့ Pitching ဆိုတာ Fundraising လုပ်တာမို့ မတူညီတဲ့ Different Type of Investor တွေ ရှိတယ်ဆိုတာ သတိထားပြီး Plan ဆွဲစေချင်ပါတယ်။ ဒီနေ့ပြိုင်သူတွေက သူများထက် ခြေတစ်လှမ်းပိုပြီး Idea မှ Plan၊ ထိုမှတစ်ဆင့် ရှေ့ဆက်လျှောက်လှမ်းနေတာမို့ ဒီနေ့မှာ ဆုမရခဲ့ရင်တောင် ရှေ့ဆက်လျှောက်နေပါလို့ အားပေးရင်း နိဂုံးချုပ်ပါတယ်။”

# MYEA အသင်းဝင်သစ်များအား ဂုဏ်ပြုကြိုဆိုခြင်း

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA) သို့ အသင်းဝင်ခွင့်အား အွန်လိုင်းမှတစ်ဆင့်လျှောက်ထားသူများနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားသူများမှ (ဩဂုတ်လနှင့်စက်တင်ဘာလအတွင်း) အသင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည့် အသင်းသူ၊ အသင်းသားသစ်များအား MYEA မှ နွေးထွေးလှိုက်လှဲစွာကြိုဆိုအပ်ပါသည်။




Name : Dr.Ei Mon Oo
Company /Title : Lay & Nyi Trading, Executive Director
Member Type/ID : Executive Member/062000245
Business Category : Trading,Automotive ,Distribution
State/Region : Yangon



Name : Daw Phyo Naychi Hlaing
Company /Title : NPN Logistics, Director
Member Type/ID : Executive Member/062000252
Business Category : Service
State/Region : Yangon



Name : U Aung Khaing Min
Company /Title : Nan Aung Hlaing Co., Ltd.,Director
Member Type/ID : Executive Member/062000249
Business Category : Construction
State/Region : Yangon



Name : U Nay Htoo Aung
Company /Title : The Drama Yangon/MD
Member Type/ID : Executive Member/062000255
Business Category : Service
State/Region : Yangon



Name : Daw Nway Ei Phyu
Company /Title : NPN Logistics, Director
Member Type/ID : Executive Member/062000250
Business Category : Service
State/Region : Yangon



Name : U Arkar Soe
Company /Title : Jewellery Luck Group of Companies/ Director
Member Type/ID : Associate Member/062000255
Business Category : Service, State/Region : Yangon



Name : Daw Nw'e Lay San
Company /Title : NPN Logistics, Director
Member Type/ID : Executive Member/062000251
Business Category : Trading,Automotive ,Distribution
State/Region : Yangon

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း
Myanmar Young Entrepreneurs Association
ARYEA MSYEA SSYEA

# Entrepreneurship World Cup MYANMAR

MISK GLOBAL FORUM · GEN GLOBAL ENTREPRENEURSHIP NETWORK · tGELF

## MYANMAR NATIONAL GRAND FINAL

## "ကျေးဇူးတင်လွှာ"

Presented By MYANMAR NATIONAL ORGANIZER MYEA

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှပြည်တွင်းတွင် National Organizer အဖြစ် ပထမဦးဆုံးအကြိမ် စီစဉ်ကျင်းပသည့် Entrepreneurship World Cupပြိုင်ပွဲ၏ "MYANMAR NATIONAL GRAND FINAL" အခမ်းအနားအား ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့က Esperado Lake View Hotel တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအခမ်းအနားအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Covid-19 နှင့်ပတ်သက်သည့်လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့ပါသည်။

အခမ်းအနားသို့တက်ရောက်ချီးမြှင့်ပြီး National Judge များအဖြစ် ဆောင်ရွက်ပေးခဲ့ပါသော ဦးဝေဖြိုး (Managing Director, Yatha Cho Industry Limited)၊ ဦးဇော်လင်းအောင် (Senior Managing Director, KBZ Bank Limited)၊ ဦးဇေယျာသူရမွန် (Chairman & CEO, RGK+Z&A Group) နှင့် ဦးရည်လတ်အေး (Deputy Chair (MPE&VCA)Director/COO, Delta Capital Myanmar)၊ အဖွင့်အမှာစကားပြောကြားပေးခဲ့ပါသော MYEA ၏ဥက္ကဋ္ဌ ဒေါက်တာအောင်သူရ၊ အခမ်းအနားသို့တက်ရောက်ခဲ့ကြပါသော MYEA စီမံခန့်ခွဲရေးကော်မတီမှတာဝန်ရှိသူအချို့၊ ညီနောင်တိုင်း/ပြည်နယ်အသင်းမှ တာဝန်ရှိသူအချို့နှင့် **Diamond Sponsor- KBZ Bank, Gold Sponsor - Apache Cement, Silver Sponsor - Supreme Group of Companies, Media Partner - 7Day TV, Venue Sponsor - Esperado Lake View Hotel** တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲသို့လူကိုယ်တိုင်လာရောက်ယှဉ်ပြိုင်ခဲ့သည့် Short Listed Applicants များနှင့် Zoom Webinar မှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် Short Listed Applicants များ၊ Zoom Webinar မှတစ်ဆင့် တက်ရောက်ပေးခဲ့ကြပါသော မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်း/ပြည်နယ်လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းများမှ အသင်းသားများ၊ MYEA(CEC/EC)များ၊ အသင်းသားများနှင့် အခမ်းအနားဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီပံ့ပိုးသူများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထို့အပြင် National Grand Final မတိုင်မီ National Organizerမှတာဝန်ယူဆောင်ရွက်ရသည့် EWC Accelerated -1 Program များတွင် Rehearsal Judgeများအဖြစ် အားဖြည့်ပါဝင်ကူညီပေးခဲ့ပါသော Dr.အောင်သူရ (President, MYEA)၊ ဒေါ်အေးမြတ်မြတ်သူ (Vice President, MYEA)၊ ဦးဝင်းထက်မောင်မောင် (Secretary General, MYEA) နှင့် ဦးသန်းထိုက်လွင် (President, YRYEA)၊ Pitch Deck Trainer များအဖြစ် ကူညီဆောင်ရွက်ပေးခဲ့ပါသော ဦးဖြိုးဝေခိုင် (EC, YRYEA), ဦးစိုးမိုးသန်း (Member, YRYEA)၊ ဦးထက်အာကာစိုး (Startup Coach) နှင့် Finance Fundamental Trainer - ဦးမင်းဟန်ထွန်း ,CFA (Academic Director/Co-Founder, Matrix Institute of Professionals)၊ Screening and Round-1 Judges များအဖြစ် ပါဝင်ကူညီဆောင်ရွက်ခဲ့ပါသော Dr.မေပြည့်စုံကြွယ် (Joint Secretary, MYEA)၊ ဒေါ်ခိုင်ခိုင်လင်း (Chair - ED Committee, MYEA) နှင့် ဒေါ်မေစုပြေဉာဏ် ,CFA (Chair - AF Committee, MYEA) တို့အားလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

| Diamond Sponsor | Gold Sponsor | Silver Sponsor | Media Partner | Venue Sponsor |
|---|---|---|---|---|
| KBZ BANK | APACHE | SUPREME GROUP | 7DAY | SHINE |

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)





## Member Benefit Program Business Partners

MYEA Member Benefit Program

MYEA အသင်းချုပ်မှ အသင်းဝင်များ၏ အကျိုးခံစားခွင့်များကို အမြဲဦးစားပေးစီစဉ်လေ့ရှိသည့်အလျောက် ယခုအကြိမ်တွင်လည်း MYEA အသင်းဝင် (Active Members) များအတွက် (Member Benefit Program) တစ်ခုကို စီစဉ်ထားရှိပါသည်။

MYEA (Active Member) ဖြစ်ပါက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အသီးသီးမှ ရရှိနိုင်သော ပညာသင်ဆုအကျိုးခံစားခွင့်၊ ကျန်းမာရေး၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ စားသောက်ကုန်များ၊ နည်းပညာ၊ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ဝန်ဆောင်မှုများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းမျိုးစုံတွင် အထူးခံစားခွင့် up to 25% အထိ (Special Discount) ရရှိမည်ဖြစ်ပါသည်။

Special Discount အကျိုးခံစားခွင့်ရရှိရန်အတွက် MYEA (အသင်းဝင်သက်တမ်းမကုန်ဆုံးသေးသော) Active Member ဖြစ်ရန် လိုအပ်ပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ သတ်မှတ်ထားရှိသော သက်ဆိုင်ရာနေရာများတွင် MYEA Member Benefit Program Stand or Sticker ဖော်ပြထားရှိပေးမည်ဖြစ်ပြီး အသင်းဝင်များမှ အသင်းဝင်ကတ် (Active member card) အားပြသရုံဖြင့် အလွယ်တကူ အကျိုးခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Active Member ဖြစ်ရန် နှစ်စဉ်ကြေးပေးသွင်းပြီး MYEA မှ ပြုလုပ်ပေးသော Member Benefit Program များတွင် အကျိုးခံစားခွင့် အပြည့်အဝရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## K Future Healthcare Distribution Co.,Ltd

ကျွန်တော်တို့၏ K Future Healthcare Distribution Co.,Ltd.သည် အမေရိကန်နိုင်ငံ Gojo Industry Ltd. မှထုတ်လုပ်သော ကမ္ဘာ့အဆင့် နံပါတ်တစ် Purell အမှတ်တံဆိပ်နှင့် Provon အမှတ်တံဆိပ် Hygiene Care Product များအား ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ Gojo Industry Ltd. မှထုတ်လုပ်သော Hygiene Care Product များဖြစ်သည့်

- Purell Automatic Hand Dispenser & Refill
- Purell Manual Hand Dispenser & Refill
- Purell Personal Use Pump Bottle
- သန့်ရှင်းရေးပြုလုပ်ရာတွင် အသုံးပြုရန်အတွက် Purell Surface Disinfectant များဖြစ်သည်။ PURELL Hand Sanitizer အနေဖြင့် အခြား Hand Sanitizer များထက် အားသာချက်များမှာ-

(က) သုံးစွဲပြီးချိန်တွင် လက်များအား ခြောက်သွေ့မှု မရှိစေခြင်း။
(ခ) Automatic Dispenser တွင် အရည်ထွက်ရှိမှုအားလိုအပ်သည့်ပမာဏသာ ထွက်ရှိခြင်း။
(ဂ) Refill လဲလှယ်ရာတွင် ရိုးရှင်းလွယ်ကူမှုရှိခြင်း။
(ဃ) Dispenser တွင် Warranty (၃)နှစ်ရှိခြင်း တို့ဖြစ်ပါသည်။

**Discount**
**3% (PURELL Antiseptic Hand Gel 354ml)**




## KUDOS TO YOU

Professional Development Academy

KUDOS TO YOU: Professional Development Academy အနေဖြင့် Business Services တွေဖြစ်တဲ့
- Corporatae Trainings
- Retreat and Team Building and
- Mystery Shopping and Service Consulting များကို ပို့ချသင်ကြားပေးလျက်ရှိပါသည်။

**Discount**
**25 % discount for all normal training classes and programs**
**- Specific Online training Classes for special discount**



## DMK My Bird's Nest

DMK MYANMAR company is one of the bird's nest production company from myanmar. Our brand name is My Bird's Nest. The products are Bird's Nest Raw, Organic Cleaned Bird's Nest Raw and Ready To Drink. I'm sure our products are organic and strongly provide health.

- Bird's nest are a common cause of chronic illness , disease , elderly and weak. The strong ones often feed the Bird's Nest.
- Bird nests are rich in protein and nutrients.
- Naturally bird's nests non combine other chemicals and medicinal properties, thus It is very good for health
- Since it is a medicinal product, it is extremely valuable and can be purchased in gold.
- Bird's nest are used not only for local but also for export.

**Discount - 12% on all items**




## American Hospitality Institute of Myanmar (AHIM)

American Hospitality Institute of Myanmar is the premier academic and training provider for hospitality industry for workers, managers, and professionals. We provide our services through the American Hotel & Lodging Educational Institute as their Global Academic Partner. We provide training for hospitality industry workers and entrepreneurs.

**Discount**
**20% for training and educational programs and 50% for all online training and educational programs**







## VISION

To be the **leading**, **recognized** institution of empowerment of young entrepreneurs in Myanmar

## Strategy First University

Strategy First is a one of the top private universities in Myanmar, that has been providing a productive alternative to higher education since 2010 by Mr. Aung Chit Khin, whose genuine desire is to contribute to Myanmar's advancement and to create opportunities for learners.

Strategy First University delivers a unique learning experience for Myanmar citizens to study and earn postgraduate degrees, bachelor degrees, diplomas and certificates that are accredited by competitive international partners and respected globally while working in their home country. Each program upholds the same high standard of learning and prepares students to compete on an international level.

**Discount**
**SFU**

SCQF Professional Diploma(s) (SQA, UK) -50,000 MMK
[Original Textbook Fees & UK Exam Fees (Excluded)]




CIM Diploma in Professional Marketing -50,000 MMK
[Original Textbook Fees & UK Exam Fees (Excluded)]

PMI Project Management Professional - 50,000 MMK
[Original Textbook Fees & UK Exam Fees (Excluded)]

Heriot-Watt University EBS MBA/MSc - 1,000,000 MMK
[Lump Sum Discount]

Heriot-Watt University MSc CPM - 1,000,000 MMK
[Lump Sum Discount]

**Corporate Discounts cannot be used together with other old student discount schemes.**
**Students can choose any preferred discount plan.**

**SFUx**

SFU Diploma in Business Management & Entrepreneurship 50,000 MMK
SFUx Certificate in Soft Skills for Leaders 30,000 MMK
SFUx Certificate in Business English 20,000 MMK
SFUx Certificate in General Management 20% MMK
SFUx Certificate in Marketing 20% MMK
SFUx Certificate in Human Resource Management 20% MMK
SFUx Certificate in Financial Management 20% MMK
SFUx Certificate in Operations Management 20% MMK
SFUx Certificate in Entrepreneurship and New Venture Creation 20% MMK
SFUx Certificate in Business Essentials and Employability Skills 20% MMK
SFUx Certificate in Customer Service Excellence 20% MMK
SFUx Certificate in Professional Selling Skills 20% MMK

**Hardcopy printing charges for Lectures Notes & Certificates are excluded.**

# ENTREPRENEURS EXCLUSIVE INTERVIEW



**ဒေါ်မေသက်ခိုင်**
Executive Director,
Maou Oak Shaung Co.,Ltd
CEC Member, MYEA

**ပထမဦးဆုံးအနေနဲ့ လက်ရှိလုပ်ကိုင်နေတဲ့ စီးပွားရေး လုပ်ငန်းကို မိတ်ဆက်ပေးပါဦး။**

ကျမအနေနဲ့ အခုလက်ရှိမှာ မြန်မာနိုင်ငံရဲ့ အဓိကစိုက်ပျိုးသီးနှံတွေဖြစ်တဲ့ ပဲ မျိုးစုံ၊ ပြောင်း နဲ့ နှမ်းတို့ကို အရည်အသွေးမြှင့်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချတဲ့လုပ်ငန်းကိုလုပ်ကိုင်ပါတယ်။

နောက်ပြီး တောင်သူတွေနဲ့နှမ်းကို အကျိုးတူစိုက်ပျိုးရေးလုပ်ငန်း (Contract Farming)လုပ်ပြီး သီးနှံများကို ဂျပန်နိုင်ငံစားသောက်ကုန်ထုတ်လုပ်သောစက်ရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချတဲ့ အလုပ်ကိုလုပ်ပါတယ်။ ပြည်တွင်းမှာတော့ စားသောက်ကုန်လုပ်ငန်း ဖြန့်ချိတဲ့ လုပ်ငန်းကိုလုပ်ကိုင်ပါတယ်။

**ယခုစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ဖို့အတွက် ဘယ်လို Ideaနဲ့ စတင်ဖြစ်ခဲ့ပါသလဲ။**

မိရိုးဖလာသီးနှံကုန်သည်လုပ်ငန်းကို ငယ်စဉ်ကတည်းက လုပ်ကိုင်ခဲ့တာကြောင့် သီးနှံတွေနဲ့ ရင်းနှီးနေတာတစ်ကြောင်း၊ နောက်တခုက ကိုယ့်နိုင်ငံကထွက်တဲ့သီးနှံကို နိုင်ငံတကာဈေးကွက်ကို ပေါက်ရောက်စေချင်တယ်။ အဓိကက ဂျပန်တို့၊ ဥရောပတို့လို နိုင်ငံမျိုး အရည်အသွေးဦးစားပေးတဲ့ နိုင်ငံတွေကို ကိုယ်နိုင်ငံကသီးနှံတွေကိုရောက်အောင် ပို့ချင်တဲ့ အတွက်ကြောင့် လုပ်ဖြစ်တာပါ။

**ဘာကြောင့် ဒီလိုလုပ်ငန်းအမျိုးအစားကို ဘယ်လိုစိတ်ကူးနဲ့ ရွေးချယ်လုပ် ကိုင်ဖြစ်တာလဲ သိချင်ပါတယ်။**

အပေါ်မှာပြောထားသလိုပါပဲ။ မြန်မာနိုင်ငံရဲ့ အဓိက အလုပ်လုပ်ကိုင်သူတွေက စိုက်ပျိုးရေးလုပ်ငန်းကိုအများဆုံးလုပ်ကိုင်တာပါ။ အဲ့ဒီကထွက်တဲ့သီးနှံတွေကို အရည်အသွေးမြှင့်ပြီး High End Agriculture Market ကို ရောက်စေချင်တယ်။ ပုံမှန်ဈေးကွက် ရစေချင်တယ်။ ဈေးကွက်ရွေးချယ်မှု ပိုမြင့်မားစေချင်တယ်။ ဈေးပေါရင် အချောင်လာနှိက်တတ်တဲ့နိုင်ငံတွေရဲ့ ဈေးကွက်တစ်ခုတည်း မှီခိုနေရင် ရေရှည်မရပ်တည်နိုင်ပါဘူး။

အခုဆိုရင် မြန်မာနှမ်းက နိုင်ငံတကာမှာ နာမည်တော်တော်ရနေပါတယ်။ ဆက်လက်ထိန်းသိမ်းသွားဖို့တော့ လိုတာပေါ့နော်။ နောက်တစ်ခုက မြန်မာနိုင်ငံမှာ ၇၀ ရာနှုန်းသော သူတွေက စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကျတယ်။ သူတို့အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုရစေချင်လို့ ပြည်တွင်း ထွက်သီးနှံတွေကို နိုင်ငံတကာကို Promote လုပ်နေတာပါ။

**စီးပွားရေးလုပ်ငန်းရဲ့ဆောင်ပုဒ်ကို သိပါရစေ။**

We Bring Myanmar Quality and Safety products to the world

**မိမိရဲ့လုပ်ငန်း/ထုတ်ကုန်ကို ထိထိရောက်ရောက်နဲ့ Customerတွေဆီရောက်အောင် ဘယ်လိုStrategyတွေသုံးပါသလဲ။**

စားသောက်ကုန်လုပ်ငန်းကိုလုပ်ကိုင်သူအနေနဲ့ကော၊ High End Agriculture Market customer တွေကို သွားချင်သူတွေအတွက်ဆို အဓိကလိုအပ်ချက်က Food Safety ပါ။ ပြီးတော့ Quality နဲ့ Competitive Price ပါ။ Safety ဖြစ်အောင်ထုတ်လုပ်ထားတယ်ဆိုတာ အာမခံပေးရတာပါတယ်။ အကယ်လို့များ ပြဿနာတခုခုဖြစ်ခဲ့ရင် ကုန်ပစ္စည်းရဲ့လာရာလမ်းကြောင်းကို နောက်ကြောင်းပြန်လိုက်နိုင်မှု(Traceability)လုပ်ပေးဖို့ကလည်း အရမ်းအရေးကြီးပါတယ်။ အဲ့ဒါမှ ပြဿနာတစ်ခုခုဖြစ်ရင် ဖြေရှင်းနိုင်မှာပါ။ အဲ့လိုတွေလုပ်နိုင်ဖို့ Contract Farming System တွေ လုပ်ရပါတယ်။ Supply Chain တစ်ခုလုံး နီးပါးကိုယ်တိုင်လုပ်ပါတယ်။

**မိမိလုပ်ငန်းနဲ့ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်အခြေအနေကို သိပါရစေ။**

ကျမလုပ်တဲ့သီးနှံတွေက export သီးနှံတွေ ဖြစ်တဲ့အတွက် ပြည်တွင်းမှာ စားသုံးမှုနည်းပါတယ်။ အဓိကဈေးကွက်က ပြည်ပဈေးကွက်ပါ။ Covid-19 မတိုင်ခင်နှစ်တွေမှာ သီးနှံတွေရဲ့ Demand ကလည်း တဖြေးဖြေးမြင့်လာတာနဲ့အတူ ယှဉ်ပြိုင်မှုကလည်း ပိုပြင်းထန်လာတယ်။

ခု Covid -19ကာလ ကတော့ ဈေးကွက်တွေ အရမ်းကို အေးပါတယ်။ အခြေခံစားသောက်ကုန်လိုမျိုးဖြစ်တဲ့ပဲ၊ ဆန်တို့လိုမျိုးကတော့ ဝယ်လိုအား သိပ်မကျဘဲ အခြားသီးနှံတွေရဲ့ ဝယ်လိုအား တော်တော်ကျပါတယ် ။ စားသောက်ဆိုင်တွေပိတ်ထားရတော့ဝယ်လိုအား တစ်ဝက်ကျော်လောက် ကျပါတယ်။

**လက်ရှိဦးဆောင်လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းက မိမိနိုင်ငံရဲ့နယ်မြေဒေသ၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်ဝန်းကျင်ကို မည်သို့မည်ပုံ အထောက်အကူပြုပါသလဲ။**

ကျမလုပ်ကိုင်တဲ့လုပ်ငန်းအနေနဲ့ တိုက်ရိုက်ပတ်သက်တာ စိုက်ပျိုးရေးတောင်သူတွေပါ။ သူတို့တွေ စိုက်ပျိုးတဲ့သီးနှံတွေကိုဝယ်ယူပြီး တင်ပို့ရောင်းချတဲ့အတွက် တောင်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းကို တစ်ဖက်တစ်လမ်း ကအထောက်အကူပြုတယ်လို့ ယုံကြည်ပါတယ်။ နောက်ပြီး တောင်သူတွေကို အရည်အသွေးမြင့်သီးနှံများထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေးစနစ်နည်းလမ်းကောင်း( Good Agriculture Practice) Training တွေကိုလည်း မကြာခဏကျွမ်းကျင်ပညာရှင်များနဲ့ သင်ကြားပို့ချပေးတယ်။ မျိုးကောင်းမျိုးသန့် ဖြန့်ပေးတယ်။ တောင်သူတွေကလည်း စိုက်ပျိုးရေးနည်းစနစ်ကောင်းတွေ သိရှိလိုက်နာမှုကြောင့် အရည်အသွေးကောင်းပြီး အလေအလွင့်နည်းပါးပြီး ဝင်ငွေတိုးစေပါတယ်။

**မိမိလုပ်ငန်းနဲ့ပတ်သက်ပြီးစိန်ခေါ်မှုများရှိလာတဲ့အခါ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ မည်သို့ဖြတ် ကျော်ခဲ့သလဲ။**

စီးပွားရေးလုပ်ရင် စိန်ခေါ် မှုကတော့ ခဏခဏကြုံရမှာပဲ။ အဲ့အချိန်တိုင်းပထမအချက် စိတ်ဓါတ်မကျဘဲ ဆက်လက်သွားနိုင်ဖို့စိတ်ခွန်အားအရေးကြီးတယ်လို့ ထင်တယ်။ ငါလုပ်နိုင်မှာပါ၊ အဆင်ပြေသွားမယ်၊ ငါရအောင် ကျော်ဖြတ်မယ်လို့ အမြဲအကောင်းဘက်ကတွေးပြီး ဖြေရှင်းပါတယ်။

နောက်တချက်ကတော့ Strategy သေချာချပြီး ကိုယ်ရဲ့အရင်အတွေ့အကြုံတွေ့နဲ့သုံးသပ်ပြီးဖြစ်လာတဲ့စိန်ခေါ် မှုတွေကို ဖြေရှင်းပါတယ်။

**မိမိလုပ်ငန်းကို စဉ်ဆက်မပြတ် အောင်မြင်တိုးတက်ဖို့ ဘယ်လိုအစီအစဉ်များနဲ့ လုပ်ကိုင်နေလဲ။**

ရေတို၊ ရေရှည်နှစ်ပိုင်း ပိုင်းပြီး Strategy ချပါတယ်။ ရေတိုအနေနဲ့က အပေါ်က ပြောခဲ့သလို အရည်အသွေးအကောင်းဆုံးနဲ့ ဈေးသက်သာတဲ့ Products ပေးနိုင်အောင်ကြိုးစားတယ်။ ဖြစ်ပေါ်နေတဲ့ စီးပွားရေး Trend အရလည်း အလွယ်တကူ Change လုပ်နိုင်အောင် ကြိုးစားပါတယ်။ ရေရှည်တိုးတက်ဖို့ကကျတော့ Products တွေကို Value Added အထိထုတ်နိုင်ပြီးတင်ပို့နိုင်အောင် ကြိုးစားနေပါတယ်။ အဲ့လိုထုတ်နိုင်မှလည်း ရေရှည်ရပ်တည်နိုင်မှာပါ။

**မိမိလုပ်ငန်း ယခုထက်ပိုမို တိုးချဲ့လုပ်ကိုင်ဖို့အတွက် မည်သည့်အရာက အဟန့်အတားရှိနေပါသလဲ။ (ဈေးကွက်ရရှိနိုင်မှု၊ ငွေကြေးရရှိနိုင်မှု၊ Corporate Governance)**

ကျမတို့လိုလုပ်ငန်း sector တွေအနေနဲ့ အခုအခြေအနေမှာတော့ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု အရမ်းပြင်းထန်နေပါတယ်။ သူများနိုင်ငံတွေနဲ့ ဈေးကွက်ယှဉ်ရောင်းနိုင်ဖို့က ထုတ်လုပ်သူတောင်သူတွေရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်လျော့ကျစေဖို့၊ သီးနှံအထွက် ကောင်းစေဖို့ သယ်ယူပို့ဆောင်ရေး သက်သာဖို့၊ ငွေကြေးလဲလှယ်နှုန်း တည်ငြိမ်မှန်ကန်ဖို့၊ လုပ်ငန်းအရင်းအနှီးအတွက် လိုအပ်သော ချေးငွေအပေါ်ပေးရတဲ့ အတိုးသက်သာခြင်းစတဲ့အရာတွေက ခုလိုအခြေအနေမှာ အဟန့်အတားတွေဖြစ်စေပါတယ်။

**MYEAအသင်းကိုဝင်ရောက်ဖြစ်ခဲ့ပုံ ပြောပြပေးပြီး အသင်းအပေါ်တာဝန်ယူဆောင်ရွက်ပေးခဲ့တာတွေနဲ့ လက်ရှိတာဝန်ယူပေးနေတာတွေရှိရင် အနည်းငယ် ပြောပြပေးပါ။**

MYEAကို UMFCCIက တရုတ်နိုင်ငံမှာပြုလုပ်တဲ့ ASEAN China Young Entrepreneur Forum ကို မြန်မာလူငယ်အဖွဲ့ တက်ရောက်နိုင်ရေးအတွက် MYEG စဖွဲ့ကတည်းက ဝင်ခဲ့တာဆိုတော့ ၂၀၀၈ ကတည်းက Founding Member အနေနဲ့ စဝင်ခဲ့တာဖြစ်ပါတယ်။ အဲ့နောက် ၂၀၁၂ မှာ MYEAအသင်းထောင်ခဲ့ပြီး EC အနေနဲ့ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ 2017-2019 Term မှာတော့MYEA ရဲ့ ဒုတိယဥက္ကဋ္ဌအနေနဲ့ တာဝန်ယူခဲ့ပြီး အခုလက်ရှိ 2019-2021 မှာ CEC အနေနဲ့ ဆက်လက်ပါဝင်လုပ်ကိုင်နေပါတယ်။

**လုပ်ငန်းရှင်တစ်ဦးအနေနဲ့ MYEA အသင်းကို ဝင်ရောက်လာတဲ့အချိန်မှာ မိမိရဲ့စီးပွားရေး၊ လူမှုရေး စတဲ့အရာတွေကို အသင်းက ဘယ်လိုအထောက်အကူပြုတာတွေ ဖြစ်စေခဲ့ပါသလဲ။**

MYEA ကို ဝင်ရောက်ပြီးကတည်းက စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်နေတဲ့သူ တော်တော်များများကို သိခွင့်၊ ခင်မင်ရင်းနှီးခွင့်ရပြီး သူတို့ဆီကအတွေးအမြင်နဲ့အတွေ့အကြုံတွေ အများကြီးလေ့လာသင်ယူခဲ့ရပါတယ်။ စီးပွားရေးနယ်ပယ်အသီးသီးက မိတ်ဆွေများနဲ့ လည်း အတွေ့အကြုံဖလှယ်ဆွေးနွေးခွင့်တွေရတယ်။ နောက်တခုကInternational Delegationတွေ၊ Forumတွေ တက်ရောက်ခဲ့တဲ့အတွက် international exposure တွေလည်းရ၊ အတွေးအမြင်အသစ်တွေလည်း အများကြီးရခဲ့ပါတယ်။

**လူငယ်လုပ်ငန်းရှင်တစ်ဦးအနေနဲ့ အသင်းထဲမှ အသင်းဝင်တွေကို လုပ်ငန်းနဲ့ပတ်သက်ပြီး အကြံပေးစကား မျှဝေပြောပြပေးပါ။**

စီးပွားရေးလုပ်ရင် အတက်နဲ့အကျရှိပါတယ်။ အကျဖြစ်တိုင်းမှာ ပြန်ထနိုင်ဖို့ကိုယ်သွားရမယ့်ပန်းတိုင်ကို သေချာသိပြီးတော့ အဲ့ပန်းတိုင်ကိုလည်း အရောက်သွားမယ်လို့ စိတ်ဓာတ်ပြင်းထန်မှ လဲခဲ့ရင် ငါ့ရဲ့အိမ်မက်တွေရှိသေးတယ်ဆိုပြီး ရအောင်ပြန်ရုန်းထနိုင်မယ်လို့ ယုံကြည်ပါတယ်။ နောက်တစ်ခုက ကျမ အခုနောက်ပိုင်းလေ့လာပြီး ကိုယ့်စိတ်ကိုလေ့ကျင့်ဖြစ်နေတာက အကောင်းမြင်စိတ်ပါ။ ဘာပြဿ နာဘဲဖြစ်ဖြစ် ငါလုပ်နိုင်မှာပါ။ ပြန်အဆင်ပြေမှာလို့ တွေးပြီးယုံကြည်ရင် ကောင်းတဲ့အတွေးတွေနောက်ကိုယ့်ရဲ့အပြုအမူက လိုက်လုပ်ရင်း Positive outcome ထွက်လာပါတယ်။ ကျေးဇူးတင်ပါတယ်။

# အသင်းဝင်များ တက်ရောက်ဆင်နွဲနိုင်မည့် MYEA Virtual Networking Event အား အောက်တိုဘာလမှစတင်ပြီး Stay At Homeကာလအတွင်း တစ်လတစ်ကြိမ် လစဉ်ကျင်းပမည်





မြန်မာနိုင်ငံတွင် လက်တလော အခြေအနေအရ COVID-19 ကပ်ရောဂါအား ကာကွယ်သည့် အနေဖြင့် "Stay at Home"နေထိုင်ကြလျှက်ရှိရာ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)မှ ပုံမှန်ကျင်းပမြဲဖြစ်သည့် Networking Event များအား လူစုလူဝေးပွဲအခမ်းအနားများဖြင့် မကျင်းပနိုင်သဖြင့် "Online Virtual Networking Event" ကို စီစဉ်ထားရှိပါသည်။

အသင်းသူ၊ အသင်းသားများ ပြန်လည်တွေ့ဆုံနိုင်စေပြီး ရင်းနှီးကျွမ်းဝင်မှုရရှိနိုင်စေရန်နှင့် အသင်းဝင်များအတွက် လက်ရှိအနေ အထားနှင့် ကိုက်ညီမည့် စီးပွားရေးဆိုင်ရာ လုပ်ငန်းပညာရပ်များအား စဉ်ဆက်မပြတ်လေ့လာနိုင်စေရန် ရည်ရွယ်ပြီး ယခု"Online Event" ကို အောက်တိုဘာလမှစတင်၍ လစဉ်တစ်လ တစ်ကြိမ် Zoom Online Platform ပေါ်မှကျင်းပပေးသွားမည် ဖြစ်ပါသည်။

ယင်း "Online Virtual Networking Event" တွင် Networking အစီအစဉ်သာမက ထူးခြားသည့် အစီအစဉ်များဖြစ်သည့် Guest Speaker များဖိတ်ကြားခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ပါသည်။

ယခု အောက်တိုဘာလ (၁၀) ရက်နေ့က ပထမဆုံးကျင်းပပြုလုပ်ခဲ့ပြီး Guest Speaker အဖြစ် ဦးငြိမ်းချမ်းစိုးဝင်း {Managing Director (Digital Payments), AYA Bank} ကိုဖိတ်ခေါ်ခဲ့ကာ COVID-19 ကာလ နှင့် COVID-19 ကာလအလွန် စီးပွားရေးလုပ်ငန်းများ လည်ပတ်ရာတွင် Digital နည်းပညာ အသုံးပြုပြီး မိမိလုပ်ငန်းများကို မည်သို့၊ မည်ပုံကောင်းမွန်စွာ ပြင်ဆင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဟောပြောခဲ့ပါသည်။




နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသည့် ရတနာမိုင်၊ ဝေကြီး၊ J Fire၊ ထက်နေကြည်၊ ကျော်သီဟ၊ ရွှေရည်ဖြိုးမောင်၊ ဂျူးဝဲလ်တို့မှလည်း တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။ ထို့နောက် Breakout Rooms Session အား ပြုလုပ်ခဲ့ပြီး အသင်းဝင်များ အချင်းချင်း Networking ပြုလုပ်ခဲ့ကြပါသည်။ အစီအစဉ်အဆုံးတွင် MYEA Movie Night အား discord platform တွင် ကျင်းပခဲ့ပြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးအကြောင်းအား ရိုက်ကူးပုံဖော်ထားသည့် "The Founder" ရုပ်ရှင်အား ထုတ်လွှင့်ပြသခဲ့ပါသည်။


Virtual Networking Event တွင် အသင်းသားများ၏ လုပ်ငန်းအကြောင်းအရာများကို မိတ်ဆက်ပြောကြားနိုင်မည့် အခွင့်အရေးရှိသလို၊ Guest Speaker များဖိတ်ခေါ်ထားခြင်းကြောင့် ဟောပြောပွဲများ နားထောင်နိုင်ပြီး ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်သဖြင့် ထပ်မံကျင်းပမည့် Networking Event များသို့ အသင်းသားများ တက်ရောက်နိုင်ရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။





MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
OCTOBER - 2020




# MYEA Virtual Networking Event အား Zoom Meeting တွင် ကျင်းပစဉ်





# ဩဂုတ်လ၊ စက်တင်ဘာလများအတွင်းတွင် အသင်းဝင်များသို့ အသင်းရုံးမှဖြန့်ဝေစာများ

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)ထံသို့ ပြီးခဲ့သည့် ဩဂုတ်၊ စက်တင်ဘာလများတွင် အသင်း၏ MOUအဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးဌာနများနှင့် အသင်းဝင်လုပ်ငန်းရှင်တို့မှ အသင်းသားများနှင့်သက်ဆိုင်သည့် အသိပေးကြေညာစာများ၊ ဖိတ်စာများအားအောက်ပါအတိုင်း စာရင်းပြုစုထားရှိပါသည်။ ယင်းစာများအား အသင်းသားများထံသို့ အသင်းချုပ်ရုံးမှ အချိန်နှင့်တစ်ပြေးညီ ပြန်လည် ဖြန့်ဝေပေးခဲ့ပြီးဖြစ်သဖြင့် အသင်းသားများ သိရှိနိုင်ပါရန် ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

| No | Invited from | Date | Platform | Description | Invited |
|---|---|---|---|---|---|
| 1 | hosted by Innovation Hub for SDGs | 30.7.2020 | Channel : Zoom & Facebook live | Tech 101: The Workforce of the Future and 21st Century IT Skills | Member |
| 2 | Malaysia Embassy | 6.8.2020 | Microsoft Teams | GLOBAL OPPORTUNITIES WEBINAR SERIES 4 : "Rediscovering the Energy Sector Opportunities in the Golden Land" | Member |
| 3 | Ministry of Commerce of Thailand will organize | 7.8.2020 | ZOOM Application | CLMVT - the New Normal" Webinar 2020 | Member |
| 4 | Malaysia Embassy | 18.8.2020 | Esperado Lake View Hotel | Meeting Togehter "We as One"he objective of this programme is to create an interative session with between Young Entrepreneur for Myanmar and Malaysia. | Member |
| 5 | UMFCCI | 22.8.2020 - 13.9.20202 | ZOOM Application | Post-Covid Business Strategies & Toolsbox Training | Member |
| 6 | Royal Thai Embassy | 9.9.2020 | ZOOM Application | Agri Plus Logistics Online Business Matching 2020 Webinar | Member |
| 7 | MPE & VCA | 2.9.2020 | ZOOM Application | MPE&VCA's Executive Virtual Networking Event - One-on-one Chat | Member |
| 8 | UMFCCI | 11.9.2020 | ZOOM Application | ASEAN-wide Self-Certification System ဆိုင်ရာအသိပညာပေးအစီအစဉ် | CEC,EC |
| 9 | UMFCCI | 23.9.2020 | ZOOM Application | The Webinar of "Resilience in the Private Sector: Amplifying the Sustainable Development" | Member |
| 10 | Myanmar Institute of Directors | 29.9.2020 | Cisco Webex Meetings | What Do Myanmar Company Directors Need to Know About Beneficial Ownership?" Webinar | Member |
| 11 | National Management Academy (NMA) | 27.9.2020 | Zoom/FB Live | (Leadership Styles Webinar | Member |
| 12 | KUDOS To You: Professional Development Academy | 9-18. 10.2020 | Facebook Group LIVE | Customer Service Extra Miles - 10 Days Online Training | Member |
| 13 | Ministry of Planning,Finance and Industry | 29.10.2020 | ZOOM Application | ADB Business Opportunities Outreach Virtual Event | CEC,EC |





## ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ နှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖိတ်ကြားထားသည့် ဟောပြောပွဲများ၊ သင်တန်းများ၊ ပြပွဲများနှင့် ပြိုင်ပွဲများ

| စဉ် | ဖိတ်ကြားသည့်အဖွဲ့အစည်း၊ သင်တန်းကျောင်း | အကြောင်းအရာ | ကျင်းပသည့် နေ့ရက်/နေရာ | အမျိုးအစားကဏ္ဍ | ပါဝင်နိုင်မည့်အသင်းဝင်အမျိုးအစား |
|---|---|---|---|---|---|
| 1 | KUDOS To You: Professional Development Academy | Customer Service Extra Miles - 10 Days Online Training | 9 to 18 -Oct-2020 / Facebook Group Live | Training | Member |
| 2 | Ministry of Planning,Finance and Industry | ADB Business Opportunities Outreach Virtual Event | 29-Oct-2020/ Zoom | Workshop | CEC,EC |
| 3 | **National Management Academy (NMA)** | Swiss MBA Scholarship Program | 15-Oct-2020/ Zoom | Scholarship Program | Member |
| 4 | Su Shwe Nadi Trading & Consulting | ASEAN Skills Development Award (ASDA) 2020 | 2020/ Online | Award | Member |
| 5 | Embassy of Israel | MASHAV English Online Course - Six Online Meetings - Marketing Strategies in Business | 5-13 -Nov-2020/ Zoom | Training | Member |
| 6 | UNSW Sydney | UNSW ASEAN Conference 2020 | 10th, 17th and 24th Oct 2020/ Zoom | Conference | CEC/EC |
| 7 | မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း | Online Business Plan Competition | 15- Nov-2020 / Zoom | Award | Member |
| 8 | UMFCCI | The Program on "Industrial Relations and Human Resource Management [ERHR2]" | 17-Dec-2020 to 26-Feb-2021/ Online | Training | CEC/EC |
| 9 | UMFCCI | Training Trainers in Organizational Strengthening | 16-Nov-2020/ Online | Training | Member |

## ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ နှင့် အောက်တိုဘာလ (၁၄)ရက်နေ့အထိ ကျင်းပသည့် အစည်းအဝေးများ

| စဉ် | ကျင်းပသည့် နေ့ရက်/နေရာ | အစည်းအဝေးများ |
|---|---|---|
| 1 | 4-Sep-2020 / Google Meet | ဗဟိုအလုပ်အမှုဆောင်၊အလုပ်အမှုဆောင်နှင့် ကော်မတီများအစည်းအဝေး |
| 2 | 9-Sep-2020 / Google Meet | စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး |
| 3 | 9-Sep-2020 / Google Meet | ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး |
| 4 | 23-Sep-2020 / Google Meet | စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး |
| 5 | 2-Oct-2020 / Google Meet | ဗဟိုအလုပ်အမှုဆောင်၊အလုပ်အမှုဆောင်နှင့် ကော်မတီများအစည်းအဝေး |
| 6 | 14-Oct-2020 / Google Meet | စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး |
| 7 | 14-Oct-2020 / Google Meet | ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး |



### ရုံးခန်းယာယီပိတ်ခြင်း

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏ အသင်းရုံးခန်းအား (၁၄.၉.၂၀၂၀) ရက်နေ့မှ စတင်၍ (၃၀.၉.၂၀၂၀)နေ့ထိ ယာယီပိတ်ထားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ (၁၁.၉.၂၀၂၀) ရက်နေ့ နံနက် (၈း၀၀)နာရီ သတင်းထုတ်ပြန်ချက်အရ ပြည်တွင်းတွင် COVID-19 ရောဂါကူးစက်ခံရသူ စုစုပေါင်း (၂၂၀၀)ကျော် ဖြစ်ပွားလျက်ရှိကြောင်း သိရှိရပါသည်။

သို့ပါသဖြင့် MYEA ရုံးရှိ ဝန်ထမ်းများအားလည်း ၎င်းတို့ ကျန်းမာရေးအား အထူးဂရုပြုနိုင်ရန် ရုံးခန်းယာယီပိတ်သည့်နေ့မှစတင်ပြီး ယင်းတို့၏နေအိမ်များတွင် နံနက် (၉း၀၀)နာရီမှ ညနေ (၅)နာရီအထိ ရုံးဖွင့်ရက်ရုံးချိန်အတိုင်း လုပ်ငန်းတာဝန်များ လုပ်ဆောင်ကြရန်လည်း ထုတ်ပြန်ကြေညာထားပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အချိန်နှင့်တပြေးညီ ညွှန်ကြားချက်ပေါ်မူတည်၍ ထပ်မံထုတ်ပြန်ကြေညာပေးမည် ဖြစ်ပါသည်။

ရုံးခန်းယာယီပိတ်ရက်များအတွင်းတွင် ဝန်ထမ်းများမှ Work from Home ဖြင့် တာဝန်ယူဆောင်ရွက်နေသည့်အတွက် အောက်ဖော်ပြပါ hot Line ဖုန်းနံပါတ်များနှင့် အီးမေးလ်မှတစ်ဆင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Hot Line : 09765000649, 09765000719, 09765000639
Email : office@myea.org.mm

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)

### "ရုံးခန်းယာယီပိတ်ခြင်း"

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏အသင်းရုံးခန်းအား(၁၄.၉.၂၀၂၀) ရက်နေ့မှစတင်၍ (၃၀.၉.၂၀၂၀)နေ့ထိ ယာယီပိတ်ထားမည်ဟု ထုတ်ပြန်ကြေညာခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက် အရပြည်တွင်းတွင် COVID-19 ရောဂါကူးစက်ခံရသူ စုစုပေါင်း (၂၂၀၀) ကျော်ဖြစ်ပွားလျက်ရှိကြောင်းသိရှိရသဖြင့် ဒုတိယအကြိမ်မြောက် ယာယီ ရုံးခန်းပိတ်ခြင်းဖြစ်ပြီး ပထမအကြိမ်အား ပြီးခဲ့သည့် မတ်လ (၂၄)ရက်နေ့ မှ မေလ (၁၁)ရက်နေ့အထိ ယာယီပိတ်ခဲ့ပါသည်။ အသင်းရုံးဝန်ထမ်းများ သည် နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ Work Form Home စနစ်ဖြင့် လုပ်ငန်းတာဝန်များလုပ်ဆောင်လက်ရှိပြီး ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ အချိန်နှင့်တပြေးညီ ညွှန်ကြားချက်ပေါ် မူတည်၍ ရုံးခန်း ပြန်လည်ဖွင့်မည့်ရက်အား ထပ်မံထုတ်ပြန်ကြေညာပေးမည် ဖြစ်ပါသည်။

Hot Line : 0976 5000 649 , 0976 5000 719, 09 765000 639
Email : office@myea.org.mm